# ဤခရစ်စမတ်၌ သင့်အတွက် ကျွန်ုပ်ဆုတောင်း



ချစ်သောသူတစ်ဦး

သင်၏ နှလုံးသားကို ဖြည့်ဆည်းပေးရန် သင်နှင့် ထိုက်တန်သည့် အထူးအရာများကို လက်ဆောင်ပေးရန် ကျွန်ုပ်မတတ်နိုင်ပါ။ ထို့ကြောင့် ဤခရစ်စမတ်တွင် ကျွန်ုပ်တို့ကိုသိပြီး သူ၏ အကောင်းဆုံးကိုပေးသည့် သူအား တောင်းလျှောက်ရန် ဤဆုတောင်းကို ကျွန်ုပ်ပေးလိုပါသည်။

သူ၏ ကြီးမြတ်လှသော မေတ္တာနှလုံးသားထဲတွင် သူသည် ကျွန်ုပ်တို့လိုသည့် အရာအားလုံးကိုသိပြီး သူ၏ မေတ္တာတော်ဖြင့် ကျွန်ုပ်တို့အား စိတ်ဝိညာဉ်၏ ရတနာများစွာကိုပေးရန် သူတောင့်တပါသည်။

ပထမအချက်အနေဖြင့် ကျွန်ုပ်သည် သင့်ပျော်ရွှင်မှုအတွက် ဆုတောင်းပါမည်။ ဤပျော်ရွှင်မှုသည် အဖြစ်အပျက်တစ်ခုမှ ဖြစ်လာခြင်း (သို့မဟုတ် ) ရှာမှီး၍ရသောဥစ္စာကို တောင့်တခြင်းမျိုးမဟုတ်ဘဲ သင်၌ အထူးတလည် ဆက်လုပ်စရာ မရှိသည့်တိုင် နက်နဲခိုင်မြဲသည့် ပျော်ရွှင်မှုမျိုးဖြစ်သည်။ သမ္မာကျမ်းစာထဲ၌ ယင်းကို ဝမ်းမြောက်ခြင်းဟု ခေါ်သည်။ ထို့ကြောင့် ထိုအရာက သင့်အတွက် ကျွန်ုပ်၏ ဆုတောင်းပင်ဖြစ်သည်။ အရာရာက အဆင်မပြေ ဖြစ်နေသည့်တိုင်အောင် ကြာရှည်ခံသည့် ဝမ်းမြောက်မှုမျိုး ရရှိစေရန်ဖြစ်သည်။

နောက်တစ်ချက် အနေနှင့် ကျွန်ုပ်သည် သင်၏ နှလုံးသားအတွင်း၌ ငြိမ်သက်ခြင်းရရှိရန် ဆုတောင်းပေးပါမည်။ ယင်းသည် ယခုအချိန်၌ လွန်စွာ ငြိမ်ငွေ့ဖွယ်ရာ ကောင်းပေလိမ့်မည်။ သို့သော် စိတ်လှုပ်ရှားမှု ကင်းမဲ့ခြင်း၊ ခံစားမှုမရှိခြင်း (သို့မဟုတ်) လှုပ်ရှားမှုနှင့် စိန်ခေါ်မှုများ ရပ်စဲသွားခြင်းကို ကျွန်ုပ်ဆိုလိုခြင်းမဟုတ်ပါ။ ဘုရားသခင်သည် ထိန်းချုပ်လျက်ရှိပြီး သင်သည် သူနှင့်အတူတကွ လုပ်ဆောင်မရနိုင်သည့် အရာမျိုး သင်၌ ဖြစ်ခွင့်မပေးဆိုသော ချိုမြိန်သည့် အသိတရားကို သင့်အား ရရှိစေလိုခြင်းဖြစ်သည်။ သင်သည် လွန်စွာ အလုပ်ကြိုးစာနေသည့် (သို့မဟုတ်) ဖိအားပေး ခံရသည့် အချိန်၌ပင်လျှင် သင်၏ စိတ်ငြိမ်သက်ခြင်းကိုပေးသည့် တိတ်ဆိတ်အေးချမ်းသော သေချာမှုကို ရရှိစေမည်ဖြစ်သည်။ နက်နဲသည့် ငြိမ်သက်ခြင်းမျိုးပင်။

သင်၌ ယုံကြည်ခြင်းရှိစေရန် ဆုမတောင်းပေးဘဲနှင့် ကျွန်ုပ်၏ ဆုတောင်းခြင်းသည် မပြည့်စုံပါ။ အချို့သောသူများက ယုံကြည်ခြင်းသည် အမှန်တရားကိုမမြင်ရခြင်း၊ အချက်အလက်များကို ငြင်းပယ်သည့် လွန်ကဲစွာ အကောင်းမြင်သည့် သဘောထားဟု ထင်ကြပါသည်။ သို့သော် သင်၌ ကျွန်ုပ်ဖြစ်စေချင်သည့် စစ်မှန်သော ယုံကြည်ခြင်းမျိုးမှာ ဘုရားသခင်နှင့် သူ၏ မေတ္တာတော်၊ သင့်အတွက် သူ၏ ကတိတော်များဖြစ်သော အားလုံးအနက် အံ့သြဖွယ်ရာ အကောင်းဆုံး ဖြစ်ရပ်မှန်များကို အခြေခံထားသည့် ယုံကြည်ခြင်းမျိုးဖြစ်သည်။ ဘုရားသခင်သည် သင့်အတွက် အကောင်းဆုံးကိုသာ ဖြစ်စေလိုပြီး ယင်း၌ ထိုအရာများ ဖြစ်လာနိုင်ဖို့ စွမ်းအားရှိကြောင်းကို သိသော ယုံကြည်ခြင်းမျိုးဖြစ်သည်။ ထိုကဲ့သို့သော ယုံကြည်ခြင်းမျိုးကို သမ္မာကျမ်းစာ ဖတ်ရှုခြင်းနှင့် ယင်းသည် မှန်ကန်ကြောင်းကိုသိလျက် သင်၏ နှလုံးသားအတွင်း၌ ရှာဖွေခြင်းဖြင့် ရရှိပါသည်။ ယင်းသည် တောင်များကိုပင် ရွှေ့စေနိုင်သော ယုံကြည်ခြင်းမျိုးဖြစ်သည်။

ကျွန်ုပ်သည် သင့်အတွက် ဉာဏ်ပညာနှင့် နားလည်မှုရှိစေရန် ဆုတောင်းပါသည်။ သို့မှသာ သင်သည် သင်၏ အနီး၌ရှိသောဘဝနှင့် ကောင်းကင်ဘုံရှိဘဝကို ကြည့်မြင်နိုင်ပြီး ထိုနေရာတွင် သင်လိုအပ်သည့် အဖြေများ၊ ရှင်းပြချက်များနှင့် စောင့်ရှောက်မှုများကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ရာ အခြားသောသူများအတွက် သင့်အား ယုံကြည်ခြင်းနှင့် စိတ်ရှည်ခြင်းကိုပေးပြီး ခက်ခဲသောအချိန်အခါများတွင် လမ်းညွှန်မှုပေးရန်အတွက် ဘုရားသခင်ပေးသည့် ဉာဏ်ပညာပင်ဖြစ်သည်။

နောက်ဆုံးတွင် တောင်းလျှောက်လိုသော်လည်း ယင်းသည် အရေးမပါဆုံးအရာတော့မဟုတ်ပါ။ ကျွန်ုပ်သည် သင့်အတွက် ချစ်ခြင်းမေတ္တာ တွေ့ကြုံခံစားရစေရန် ဆုတောင်းပေးပါမည်။ ကြီးမြတ်သောမေတ္တာ၊ ပြည့်လျှံသွားသောမေတ္တာ၊စိတ်ရှည်သောမေတ္တာ၊အမြော်အမြင်ရှိသောမေတ္တာ၊ ချိုမြိန်သောမေတ္တာ၊ ပျော်ရွှင်ဖွယ်ကောင်းသောမေတ္တာ၊စိတ်လှုပ်ရှားစရာကောင်းသောမေတ္တာ၊ အကျိုးရှိသောမေတ္တာ၊ခိုင်မြဲသောမေတ္တာ၊အားကြီးသောမေတ္တာ၊အားပေးတိုက်တွန်းသောမေတ္တာစသည့် ဘုရားသခင်၏မေတ္တာကို အံ့သြဖွယ်ရာ ပုံစံအမျိုးမျိုးဖြင့် ခံစားရစေလိုပါသည်။

ထိုအကြောင်းများကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပျော်ရွှင်ခြင်း၊ငြိမ်သက်ခြင်း၊ ယုံကြည်ခြင်း၊ ဉာဏ်ပညာနှင့်မေတ္တာစသည့် အားလုံးသောအရာများကို ပေးရန် ခရစ်စမတ်အချိန်အခါ၌ ကလေးသူငယ်အသွင်ဖြင့် ကြွဆင်းလာခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏ ဆုတောင်းချက်က ဤခရစ်စမတ်၌ သင်သည် ဤအရာများကို ယခင်ထက်ပို၍ ကောင်းမွန်သောနည်းဖြင့် တွေ့ကြုံခံစားရဘို့ဖြစ်သည်။ ယင်းကသင့်အားဤသူငယ်တော်နှင့် သူ၏ သတင်းစကားကို သင်၏ ဘဝအတွင်းသို့ ဝင်ခွင့်ပြုဘို့ဖြစ်သည်။ ယင်းက သင်သည် သူငယ်တော်ယေရှုကို သင်၏ နှလုံးသားထဲသို့ ယူဆောင်သွားစေဘို့ဖြစ်သည်။ သူ၏ ကတိတော်များကို ယုံကြည်လာပြီး သူ၌ရှိသည့် သင့်အတွက် ဝမ်းမြောက်စရာများအားလုံးကို ခံစားရစေဘို့ဖြစ်သည်။

ကျွန်ုပ် သင့်အတွက် ဤအရာများအားလုံးကို ဆုတောင်းပေးရခြင်းမှာ ယေရှုသည် ဘယ်နည်းနှင့်မဆို သင့်ကို ဤအရာများအားလုံး ပေးချင်ကြောင်းကို ကျွန်ုပ်သိသောကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် သင့်ကို ချစ်သောကြောင့်ဖြစ်ပြီး ကျွန်ုပ်သည်လည်း ထိုအတိုင်းပင်ဖြစ်သည်။